ミャンマー語

(၁) ထောက်ခံစာ အမျိုးအစားများ

| | ထောက်ခံစာ အမျိုးအစားနှင့် ဝန်ဆောင်ခ | အဓိက ဖော်ပြချက် အကြောင်းအရာ | လျှောက်ထားရာတွင် လိုအပ်သည့် အရာများ | ထုတ်ဝေပေးရေး ဌာန |
|---|---|---|---|---|
| အခွန်ထမ်းဆောင်ထားကြောင်းထောက်ခံစာ | အခွန်ပေးဆောင်ထားကြောင်း ထောက်ခံစာ (ယန်း နှစ်ရာ) (မှတ်ချက် - ၁) (မြို့နယ်၊ခရိုင် နေထိုင်မှုအခွန်၊ မြို့နယ်လုပ်ငန်းခွန်၊ အသေးစားမော်တော်ယာဉ်ခွန်၊ မရွှေ့မပြောင်းနိုင်သောပိုင်ဆိုင်မှုပစ္စည်းများအခွန်၊ စည်ပင်ခွန်၊ အထူးမြေယာပိုင်ဆိုင်မှုအခွန်) | အခွန်အမျိုးအမည်၊ ပေးဆောင်ရမည့် အခွန်ပမာဏ၊ ပေးဆောဆောင်ပြီးသော အခွန်ပမာဏ၊ လာမည့်လများ အတွက်ကြိုတင် ပေး ဆောင်ထားသော အခွန်ပမာဏ စသည် | ကာယကံရှင် ဖြစ်ကြောင်း အထောက်အထားများ (ကိုယ်စားဖြစ်ပါက "ကိုယ်စားလှယ်လွှဲစာ") | ·အခွန်ဆိုင်ရာ အထွေထွေဝန်ဆောင်မှု ကောင်တာ (ပင်မအဆောက်အအုံ ဒုတိယထပ်)<br>·မြို့သူမြို့သားများ ရေးရာဌာန (ပင်မအဆောက် အအုံ ပထမထပ်)<br>·မြို့နယ်နေထိုင်မှု အခွန်ဌာန ဟိဆိုင်းရုံးခွဲ<br>·အထွေထွေရုံးခွဲ အသီးသီး<br>·Ust ပလာဇာရုံးခန်း<br>· (ဟိဆိုင်း အထွေထွေရုံးခွဲ မြို့သူမြို့သားများရေးရာ ဌာန) ရုံးချိန်ပြင်ပ ထောက်ခံစာထုတ်ပေးရေး ကောင်တာ<br>·ရုံးခွဲများ |
| | အပြည့်အဝပေးဆောဆောင်ပြီး ကြောင်း ထောက်ခံစာ (ယန်း နှစ်ရာ) | ကြွေးကျန်မရှိကြောင်း ထောက်ခံချက် (မှတ်ချက် - ၃) | | |
| | အသေးစားမော်တော်ယာဉ် စစ်ဆေးခြင်းအတွက် အခွန် ပေးဆောင်ထား ကြောင်း ထောက်ခံစာ (အခမဲ့) | ယာဉ်နံပါတ်၊ အခွန်ပေးဆောင်သည်ည့်ရက်စွဲ၊ ထောက်ခံစာ သက်တမ်းကုန်ဆုံး မည့်ရက် စသည် | ကာယကံရှင် ဖြစ်ကြောင်း အထောက် အထားများ (ကိုယ်စားဖြစ်ပါက "ကိုယ်စားလှယ်လွှဲစာ") သို့မဟုတ် ယာဉ်စစ်ဆေးခြင်း သက်သေခံ လက်မှတ် (မူရင်း သို့မဟုတ် မိတ္တူ) | |
| နေထိုင် ခွန်နှင့် ဆက်စပ်သော | ဝင်ငွေထောက်ခံစာ (ယန်း နှစ်ရာ) | ဝင်ငွေပမာဏ | ကာယကံရှင်ဖြစ် ကြောင်း အထောက်အထား | |
| | အခွန်ပြေစာ (ယန်း | မြို့နယ်၊ | | |

| | | | | |
|---|---|---|---|---|
| | နစ်ရာ) | ခရိုင်နေထိုင်မှုအခွန်ပမာဏ | များ (ကိုယ်စားဖြစ်ပါက "ကိုယ်စားလှယ်လွှဲစာ") | |
| | ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း ပြေစာ (ယန်း နစ်ရာ) [သားသမီးများအတွက် သက်သာခွင့်အသုံးပြုရန်မှာ ဤနေရာဖြစ်ပါသည်] | ဝင်ငွေပမာဏ၊ ဝင်ငွေသက်သာခွင့်ပမာဏ၊ အခွန်စည်းကြပ်မှုစံနှုန်းပမာဏ | | |
| မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုပစ္စည်းများ အခွန်နှင့် ဆက်စပ်သော | ရာပြတ်တန်ဖိုး ထောက်ခံချက် (ယန်း နစ်ရာ) (မှတ်ချက် - ၂) | မြေယာအဆောက်အအုံတည်ရှိရာ မြေကွက်အမှတ်၊ အကျယ်အဝန်း၊ ရာပြတ်တန်ဖိုး စသည် | | ·အခွန်ဆိုင်ရာ အထွေထွေဝန်ဆောင်မှုကောင်တာ (ပင်မအဆောက်အအုံ ဒုတိယထပ်)<br>·မြို့သူမြို့သားများရေးရာဌာန (ပင်မအဆောက်အအုံ ပထမထပ်)<br>·ပိုင်ဆိုင်မှုပစ္စည်းများအခွန်ဌာန ဟိဆိုင်းရုံးခွဲ<br>·အထွေထွေရုံးခွဲ အသီးသီး<br>·ရုံးခွဲများ |
| | အခွန်စည်းကြပ်မှုစံနှုန်းပမာဏ ထောက်ခံချက် (ယန်း နစ်ရာ) (မှတ်ချက် - ၂) | မြေယာအဆောက်အအုံတည်ရှိရာ မြေကွက်အမှတ်၊ အကျယ်အဝန်း၊ မြေယာအဆောက်အအုံ၏ အခွန်စည်းကြပ်မှုစံနှုန်းပမာဏ | | |
| | အများပြည်သူဆိုင်ရာ အခွန်အခများ ထောက်ခံချက် (ယန်း နစ်ရာ) (မှတ်ချက် - ၂) | မြေယာအဆောက်အအုံတည်ရှိရာ မြေကွက်အမှတ်၊ အကျယ်အဝန်း၊ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုပစ္စည်းများ အခွန်၊ စည်ပင်ခွန်နှင့် ညီမျှသောပမာဏ စသည် | | |
| | ရာပြတ်တန်ဖိုး၊ အခွန်စည်းကြပ်မှုစံနှုန်းပမာဏ ထောက်ခံချက် (ယန်း နစ်ရာ) (မှတ်ချက် - ၂) | မြေယာအဆောက်အအုံတည်ရှိရာ မြေကမကွက်အမှတ်၊ အကျယ်အဝန်း၊ ရာပြတ်တန်ဖိုး၊ အခွန်စည်းကြပ်မှုစံနှုန်းပမာဏ စသည် | | |

| | | | | |
|---|---|---|---|---|
| | မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုပစ္စည်းများ အခွန် မှတ်တမ်းစာအုပ် မိတ္တူပြုလုပ်ခြင်း (ဖတ်ရှုစစ်ဆေးခြင်း) (ယန်း နှစ်ရာ) [သို့သော် ဖတ်ရှုစစ်ဆေးနေ စဉ်ကာလအတွင်း အခွန် ထမ်းဆောင်ရန် တာဝန်ရှိသူ အတွက်သာ အခမဲ့ဖြစ်သည်] | မြေယာအဆော ဆောက်အအုံတည်ရှိရာ မြေကွက်အမှတ်၊ အကျယ်အဝန်း၊ ရာပြတ်တန်ဖိုး၊ မရွှေ့မပြောင်း နိုင်သော ပိုင်ဆိုင်မှုပစ္စည်းများ အခွန်၊ စည်ပင်ခွန်နှင့် ညီမျှသောပမာဏ စသည် | | ･အခွန်ဆိုင်ရာ အထွေထွေ ဝန်ဆောင်မှု ကောင်တာ (ပင်မအဆောက်အအုံ ဒုတိယထပ်)<br>･မြို့သူမြို့သားများ ရေးရာဌာန (ပင်မအဆောက်အအုံ ပထမထပ်)<br>･ပိုင်ဆိုင်မှုပစ္စည်းများ အခွန်ဌာန ဟီဆိုင်းရုံးခွဲ<br>･အထွေထွေရုံးခွဲ အသီးသီး |
| | နေထိုင်ခွင့်ရှိအဆော ဆောက်အအုံ ထောက်ခံချ ချက် (ယန်း တစ်ထောင့်သုံးရာ) | နေထိုင်ခွင့်ရှိသည့် အဆောက်အအုံဖြစ် ကြောင်း ထောက်ခံပေးခြင်း | မှတ်ပုံတင်အချက် အလက်များ မှန်ကန်ကြောင်း ထောက်ခံစာ (မှတ်ပုံတင်မိတ္တူ)၊ နေထိုင်ခွင့်ကတ် စသည် | ･အခွန်ဆိုင်ရာ အထွေထွေ ဝန်ဆောင်မှု ကောင်တာ (ပင်မအဆောက်အအုံ ဒုတိယထပ်)<br>･ပိုင်ဆိုင်မှုပစ္စည်းများ အခွန်ဌာန ဟီဆိုင်းရုံးခွဲ |
| | အခြားပိုင်ဆိုင်မှု ပစ္စည်းများနှင့် ဆက်စပ်သေ ထောက်ခံ ခံချက် | အခွန်ပြေစာ (မရွှေ့မပြောင်း နိုင် သော ပိုင်ဆိုင်မှုပစ္စည်း များနှင့် ဆက်စပ်သည့် အရာများ ) စသည် | ကာယကံရှင်ဖြစ် ကြောင်း အထောက်အထား များ (ကိုယ်စားဖြစ်ပါက "ကိုယ်စားလှယ် လွှဲစာ") | ･အခွန်ဆိုင်ရာ အထွေထွေ ဝန်ဆောင်မှု ကောင်တာ (ပင်မအဆောက်အအုံ ဒုတိယထပ်)<br>･ပိုင်ဆိုင်မှုပစ္စည်းများ အခွန်ဌာန ဟီဆိုင်းရုံးခွဲ |

မှတ်ချက် - ၁။ အခွန်ထမ်းဆောင်ထားကြောင်းထောက်ခံစာ ･ ･ ･ တစ်နှစ်တာအတွင်း အခွန်အမျိုးအမည် တစ်ခုအတွက် ယန်း နှစ်ရာ။

မှတ်ချက် - ၂။ ရာပြတ်တန်ဖိုးထောက်ခံစာ အခွန်စည်းကြပ်မှုစံနှုန်းပမာဏ ထောက်ခံစာ
အများပြည်သူဆိုင်ရာ အခွန်အခများထောက်ခံစာ၊ ရာပြတ်တန်ဖိုးနှင့်
အခွန်စည်းကြပ်မှုစံနှုန်းပမာဏ ထောက်ခံစာ ・ ・ ・ မြေယာ၊ အဆောက်အအုံပူးတွဲ၍
တစ်စောင်လျှင် မြေယာ/အဆောက်အအုံ အရေအတွက်ဆယ်ခုအထိ ယန်း နှစ်ရာ။

မှတ်ချက် - ၃။ လွန်ခဲ့သော၂နှစ်တာကာလအတွင်း ကြွေးကျန်မရှိကြောင်း ထောက်ခံပေးရန်
လိုအပ်သောသူများသည် ပင်မအဆောက်အအုံအခွန်ကောက်ဌာန (ဖုန်းနံပါတ်
၀၅၉-၂၂၉-၃၁၃၅) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## (၂) ကောင်တာဖွင့်လှစ်သောအချိန်

<table>
<tr><td>အခွန်ဆိုင်ရာအထွေထွေ ဝန်ဆောင်မှုကောင်တာ<br>(ပင်မအဆောက်အအုံ ဒုတိယထပ်)</td><td rowspan="5">တနင်္လာနေ့မှ သောကြာနေ့အထိ<br>မနက်၈နာရီခွဲမှ ညနေ၅နာရီ၁၅မိနစ်အထိ<br>(အစိုးရရုံးပိတ်ရက်များ၊ စနေတနင်္ဂနွေရက်များနှင့် ဒီဇင်ဘာလ ၂၉ရက်နေ့မှ ဇန်နဝါရီလ ၃ရက်နေ့အထိ ရက်များမှလွဲ၍)</td></tr>
<tr><td>မြို့သူမြို့သားများရေးရာဌာန<br>(ပင်မအဆောက်အအုံ ပထမထပ်)</td></tr>
<tr><td>မြို့နယ်နေထိုင်မှုအခွန်ဌာန ဟီဆိုင်းရုံးခွဲ<br>(Porta Hisai အဆောက်အအုံတတိယထပ်)</td></tr>
<tr><td>ပိုင်ဆိုင်မှုပစ္စည်းများ အခွန်ဌာန ဟီဆိုင်းရုံးခွဲ<br>(Porta Hisai အဆောက်အအုံတတိယထပ်)</td></tr>
<tr><td>အထွေထွေရုံးခွဲအသီးသီး<br>မြို့သူမြို့သားများလူမှုဖူလုံရေးဌာန<br>(ဟီဆိုင်းအထွေထွေရုံးခွဲ<br>မြို့သူမြို့သားများရေးရာဌာန)</td></tr>
</table>

| | |
|---|---|
| Ust ပလာဇာရုံးခန်း<br>(Ust Tsu အဆောက်အအုံ စတုတ္ထထပ်) | တနင်္လာနေ့မှ သောကြာနေ့အထိ<br>မနက်၈နာရီခွဲမှ<br>ည၈နာရီအထိ၊စနေ၊တနင်္ဂနွေ နေ့များ၊<br>အစိုးရရုံးပိတ်ရက်များနှင့် အခြားပိတ်ရက် များတွင်<br>မနက်၈နာရီခွဲမှ ညနေ ၅နာရီအထိ<br>(ဒီဇင်ဘာလ ၂၉ရက်နေ့မှ ဇန်နဝါရီလ ၂ရက်နေ့<br>အထိ နေ့များမှလွဲ၍ |

| | |
|---|---|
| (ဟီဆိုင်းအထွေထွေရုံးခွဲ<br>မြို့သူမြို့သားများရေးရာဌာန)<br>ရုံးချိန်ပြင်ပ ထောက်ခံစာထုတ်ပေးရေးကောင်တာ<br>(Porta Hisai အဆောက်အအုံ ပထမထပ်) | တနင်္လာနေ့မှ သောကြာနေ့အထိမနက်၈နာရီခွဲမှ ည၈နာရီအထိ၊ စနေ၊တနင်္ဂနွေနေ့များ၊ အစိုးရရုံးပိတ်ရက်များနှင့် အခြားပိတ်ရက်များတွင် မနက်၈နာရီခွဲမှညနေ၅နာရီအထိ (ဒီဇင်ဘာလ ၂၉ရက်နေ့မှ ဇန်နဝါရီလ ၂ရက်နေ့အထိ နေ့များမှလွဲ၍ |

(၃)　ကောင်တာ၌ လျှောက်ထားရာတွင် ပြင်ဆင်ထားရမည့်အရာများ

၁။　လျှောက်လွှာပုံစံ (ကောင်တာမှ ထုတ်ဝေပေးထားသော ပုံစံ၊ သို့မဟုတ် ဝက်ဘ်ဆိုဒ်မှလည်း ဒေါင်းလုပ်ပြုလုပ်နိုင်ပါသည်။)
၂။　ကောင်တာသို့လာရောက်သောသူ၏ မှတ်ပုံတင်ကဒ်ပြား (၄ "ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုစစ်ဆေးခြင်းနှင့် ပတ်သက်၍" မှာ ကြည့်ရှုပါ။)
၃။　ဝန်ဆောင်ခများ
၄။　ကိုယ်စားလှယ်လွှဲစာ (ကိုယ်စားဆောင်ရွက်ပါက)

အောက်ပါအချက်များမှ တစ်ချက်နှင့်ကိုက်ညီနေပါက ကိုယ်စားလှယ်လွှဲစာ လိုအပ်ပါသည်။

- လက်တလောတွင် Tsu မြို့ထဲတွင် နေထိုင်လျှက်ရှိသောသူဖြစ်ပြီး ကာယကံရှင် သို့မဟုတ် ၎င်းနှင့် အတူတကွနေထိုင်လျှက်ရှိသော ဆွေမျိုးများမှအပ လျှောက်ထားသောအခါ
- လတ်တလောတွင် Tsu မြို့ ပြင်ပတွင်နေထိုင်လျှက်ရှိသောသူဖြစ်ပြီး ကာယကံရှင်မှအပ လျှောက်ထားသောအခါ (ထောက်ခံစာသည် တစ်ဦးချင်းစီအလိုက် ထုတ်ပေးမည်ဖြစ်သည်။)

(၄)　ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုစစ်ဆေးခြင်းနှင့် ပတ်သက်၍

Tsu မြို့တွင် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ လျှောက်လွှာလက်ခံ သောအချိန်တွင် လျှောက်ထားသူ ကာယကံရှင်ဖြစ်ကြောင်းကို အတည်ပြုစစ်ဆေးလျှက်ရှိပါသည်။ အောက်ဖော်ပြပါဇယားအတိုင်း သက်သေခံကဒ်ပြသရခြင်းအား နားလည်ပေးနိုင်ပါရန်နှင့် ပူးပေါင်းကူညီပေးနိုင် ပါရန် မေတ္တာရပ်ခံတောင်းဆိုအပ်ပါသည်။

| | |
|---|---|
| (က) ဖော်ပြထားသည်များထဲမှ တစ်ခု | [အများပြည်သူဆိုင်ရာရုံးများမှ ထုတ်ဝေထားသော မျက်နှာပုံပါဝင်သည့် သက်သေခံမှတ်ပုံတင်ကဒ် (အောက်ဖော်ပြပါများထဲမှ တစ်ခု] ယာဉ်မောင်းလိုင်စင်၊ နိုင်ငံကူးလက်မှတ်၊ ကိုယ်ပိုင်နံပါတ်ကဒ် (my number card)၊ နေထိုင်ခွင့်ကဒ်၊ မသန်စွမ်းမှတ်ပုံတင်စာအုပ်....စသည့် နိုင်ငံတော် သို့မဟုတ် မြို့နယ်အများပြည်သူဆိုင်ရာအဖွဲ့အစည်းများမှ ထုတ်ဝေပေးထား သော သက်သေခံမှတ်ပုံတင်ကဒ် (မျက်နှာပုံပါသော) |
| (ခ) ဖော်ပြထားသည်များထဲမှ နှစ်ခု | [အများပြည်သူဆိုင်ရာရုံးများမှ ထုတ်ဝေထားသော မျက်နှာပုံမပါဝင်သည့် သက်သေခံကဒ် (အောက်ဖော်ပြပါများထဲမှ နှစ်ခု] ကျန်းမာရေးအာမခံကဒ် (ပုဂ္ဂလိကကျန်းမာရေး အာမခံအဖွဲ့အစည်းများပါ ပါဝင်သည်) ပင်စင်ကဒ်၊ ပင်စင်စာအုပ်၊ သက်ကြီးပြုစုစောင့်ရှောက်မှု အာမခံ ..... စသည့် အမည်နှင့် အခြားကာယကံရှင်ဟု သီးခြားသတ်မှတ်ပေးနိုင်သော ဖော်ပြချက်ပါရှိသည့်အရာ၊ စာအုပ်၊ ယင်းကဲ့သို့သောစာရွက်စာတမ်းများနှင့် အလားတူသတ်မှတ်ခြင်း ခံရသောအရာ |

| | |
|---|---|
| (ဂ) ဖော်ပြထားသည်များထဲမှ တစ်ခုနှင့် (ခ) တွင် ဖော်ပြထားသည်များထဲမှ တစ်ခုနှင့် စုစုပေါင်း နှစ်ခု | [မှတ်ပုံတင်ကဒ်ပြား (အောက်ပါများထဲမှ တစ်ခု) + (အထက်ဖော်ပြပါ (ခ) ထဲမှ တစ်ခု]<br>စီးပွားရေးလုပ်ငန်းများ (နိုင်ငံတော် သို့မဟုတ် မြို့နယ်အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများမှအပ) မှထုတ်ဝေပေးထားသော သက်သေခံမှတ်ပုံတင်ကဒ် (မျက်နှာပုံပါသော)၊ အပြင် အမည်နှင့် အခြားကာယကံရှင်ဟု သီးခြား သတ်မှတ်ပေးနိုင်သော ဖော်ပြချက်ပါရှိသည့်အရာ၊ စာအုပ်၊ ယင်းကဲ့သို့သော စာရွက်စာတမ်းများနှင့် အလားတူသတ်မှတ်ခြင်း ခံရသောအရာ |